## ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို အာဏာပိုင်တွေက ဆက်လက်ဖမ်းဆီးမှုများရှိ
## ၂၉ နိုဝင်ဘာ ၂၀၀၇

သံဃာတော်တွေဦးဆောင်တဲ့ ဆန္ဒပြပွဲတွေဖြစ်ပွားခဲ့တာ ၂ လကျော်ကြာခဲ့ပြီဖြစ်ပေမယ့် မြန်မာစစ်အစိုးရဖက်ကတော့ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူတွေကို ဖမ်းဆီးနေတာတွေကတော့ မရပ်သေးပါဘူး။ ဒီရက်ပိုင်းထဲမှာပဲ အဖမ်းအဆီးတွေ ရှိနေဆဲပါ။ အကြောင်းစုံကို ဦးအောင်လွင်ဦးက တင်ပြထားပါတယ်။

ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူ အနည်းဆုံး (၅)ယောက်ကို ရန်ကုန်မြို့နေအိမ်တွေမှာ အာဏာပိုင်တွေက လာရောက်ခေါ်ဆောင်သွားတာလို့ ၈၈မျိုးဆက်ကျောင်းသားတွေက ပြောကြပါတယ်။ ဒါဟာဆိုရင် မကြာသေးခင်က သံဃာတော်တွေ ဦးဆောင်တဲ့ဆန္ဒပြပွဲတွေနောက်ပိုင်း ဖမ်းဆီးမှုတွေထဲက နောက်ဆုံးဖြစ်ပျက်ခဲ့တာပါ။ အဖမ်းခံရသူတွေထဲမှာတော့ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌဟောင်း ကိုတင့်ဆန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင် ကိုမြတ်စံ အပါအဝင် လူငယ်လှုပ်ရှားသူ ၅ ယောက်ကို မနေ့က ဗုဒဟူးနေ့နဲ့ တနေ့က အင်္ဂါနေ့တွေမှာ ဖမ်းဆီးခံခဲ့ရတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့က ကိုထွန်းမြင့်အောင်က ပြောပြရာမှာတော့–

> "တနေ့က ကိုအောင်အောင်ရယ်၊ ပြီးတော့ ကိုမြတ်စံအိမ်ရယ်ကို နအဖအာဏာပိုင်တွေကနေ ဝင်ပြီးတော့ ရှာဖွေရေးလုပ်သွားတယ်ကြားတယ်။ ပြီးတော့ နောက်တရက်မှာ ကိုဝင်းမော်အိမ်ကိုလည်း ဝင်သွားတယ်။ အားလုံးပေါင်း ၃ယောက်ကို ဖမ်းသွားတယ်လို့ ကျွန်တော်တို့ ကြားလိုက်တယ်ခင်ဗျ။ သူတို့ ၃ယောက်ကို ဖမ်းသွားပြီး နောက်တနေ့မှာ ကိုတင့်ဆန်းကို ဖမ်းသွားတယ်လို့လည်း ကြားတယ်။ နောက် သူတို့ နဲ့ မရှေးမနှောင်း ဒီအပတ်ထဲမှာပဲ စမ်းချောင်း ရှမ်းလမ်းမှာနေတဲ့ ကိုထွန်းထွန်းကို ဖမ်းသွားတယ်လို့ ကြားတယ်။ အဖမ်းအဆီးတွေက အခုအချိန်အထိကို ဆက်တိုက်ကို ရှိနေတုန်းပဲလေ။ ဒါနောက်ဆုံးကြားထားတဲ့အခြေအနေတွေပေါ့။ ဖမ်းခံရတဲ့ သူတွေ အားလုံးကတော့ ကိုထွန်းထွန်းတော့ ကျွန်တော်တို့ အသေးစိတ်မပြောနိုင်ဘူး။ ကျန်တဲ့ ကိုမြတ်စံရယ်၊ ကိုဝင်းမော်ရယ်၊ ကိုအောင်အောင် ခေါ် ကိုရှဲရယ်၊ ကိုတင့်ဆန်းရယ် အားလုံးကတော့ အရင်တုန်းက ဒီမိုကရေစီရေးလှုပ်ရှားမှုတွေမှာပါဝင်ခဲ့လို့ ထောင်တွေကျခဲ့ဘူးတဲ့ သူတွေပဲလေ။ အခုလည်း ဒီလူတွေကို ဘာကြောင့်ဖမ်းတယ်ဆိုတာကို ကျွန်တော်တို့ အသေအချာ မသိရဘူးဗျ။"

စက်တင်ဘာ ဆန္ဒပြပွဲတွေကို စစ်တပ်က အကြမ်းပတမ်း နှိမ်နင်းခဲ့သလို ဆန္ဒပြပွဲတွေနဲ့ ဆက်စပ် ပတ်သက်ပြီး လူအများအပြားကိုလည်း ဖမ်းဆီးခဲ့တာပါ။ အခုလို ၂ လကျော် ကြာခဲ့ပေမယ့်လည်း အခုအချိန်အထိ အဖမ်းအဆီးတွေက မရပ်သေးသလို ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူတွေ အပေါ်မှာလည်း အာဏာပိုင်တွေက အနီးကပ်စောင့်ကြည့်မှုတွေ ရှိနေဆဲလို့ အာဏာပိုင်တွေ ဖမ်းဆီးမှုက တိမ်းရှောင်နေတဲ့ ကိုထွန်းမြင့်အောင် က ဆိုပါတယ်။

> "ဒီရက်ပိုင်းမှာ အာဏာပိုင်တွေအနေနဲ့က နဲနဲမှကို မျက်နှာသာ မပေးဘဲနဲ့ သူတို့လုပ်နေတဲ့ ပုံစံတွေက သံဃာတော်တွေရော၊ နောက်ကျောင်းသားလူငယ်မျိုးဆက်သစ်တွေ အပေါ်မှာရော၊ နောက်အရင်က ဒီမိုကရေစီရေးလှုပ်ရှားမှုမှာ ပါဝင်ခဲ့ဘူးတဲ့ ထောင်ထွက်တွေအပေါ်မှာရော သူတို့က သံသယတွေ အများကြီးထားပြီးတော့ စောင့်ကြည့်နေတယ်။ ဘယ်လို သံသယတွေနဲ့ ဘယ်လိုလုပ်သလဲဆိုတာကိုတော့ ကျွန်တော်တို့ ဘာမှ မပြောနိုင်ဘူးဖြစ်နေတယ်။"

မြန်မာစစ်အစိုးရဖက်က အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လုပ်ဆောင်နေပါတယ်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေအတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်လို့ ပြောဆိုနေတဲ့

တချိန်တည်းမှာ အခုလို အဖမ်းအဆီးတွေ ဖိနှိပ်မှုတွေ လုပ်နေတာဟာဖြင့် မသင့်တော်တဲ့ ကိစ္စဖြစ်တယ်လို့လည်း ကိုထွန်းမြင့်အောင် က ပြောပါသေးတယ်။

"နအဖအနေနဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေပြီးတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံပြီးတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စကားပြောမယ်လို့သာ ပြောသာပြောနေခဲ့တယ်။ တဖက်မှာလည်း ကမ္ဘာ့ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကို သူတို့ ကတိတွေပေးတယ်။ မစ္စတာ ဂမ်ဘာရီ လာတုန်းကလည်း ဒီလိုပဲ သူတို့တွေ ဖမ်းဆီးမှုတွေ ဆက်ပြီးမလုပ်တော့ပါဘူးလို့ သူတို့ ကတိပေးတယ်။ ဒါပေမဲ့ မစ္စတာ ဂမ်ဘာရီ ပြန်သွားပြီးနောက် မစ္စတာ ပီညဲရိုးရှိနေတဲ့ အတောအတွင်းမှာ ကို ဖမ်းတာဆီးတာတွေက ရပ်မသွားဘူး။ မနေ့ကအထိပဲဗျာ။ ဒ့ါအပြင် အခု သံဃာတော်တွေနဲ့ ပက်သက်ပြီးတော့လည်း ဒီနေ့ဆိုလို့ရှိရင် မဂ္ဂင်ကျောင်းတိုက်ကို ချိတ်ပိတ်ဖို့အတွက် သူတို့ အင်အားသုံးပြီးတော့ စစ်တပ်ကပါ ဝိုင်းပြီးတော့ သူတို့ ကြိုးပမ်းနေပြီဗျာ။ အဲဒီတော့ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေး လုပ်မယ်လို့သာ တဖက်က ပြောနေတယ်ဗျာ။ တဖက်မှာ တိုင်းရင်းသား ခေါင်းဆောင်တွေလည်းဖမ်းတယ်။ ရဟန်းသံဃာတော်တွေလည်း ဖမ်းတယ်။ ပြီးတော့ ကျောင်းသူကျောင်းသားတွေ လူငယ်တွေ အားလုံးကိုလည်း ယနေ့ထက်ထိ ဒီမိုကရေစီလှုပ်ရှားသူတွေအပေါ်မှာ ဖမ်းဟယ်စီးဟယ် လုပ်နေတာဟာ အပြောနဲ့ အလုပ်နဲ့ အင်မတန်ကို ကွာနေပါတယ်။ နောက်တခုက သူတို့ ပြောပြောနေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာဟာလည်း ကျွန်တော်တို့ ပြည်သူပြည်သားတရပ်လုံးကရော ကမ္ဘာကြီးတခုလုံးကရော အများကြီး သံသယ ဖြစ်စေပါတယ်။"

ပြီးခဲ့တဲ့ အပတ်ထဲတုန်းကလည်း ရန်ကုန်မြို့က လူ့အခွင့်အရေး လှုပ်ရှားသူများ ကွန်ယက် HRDPက ကိုအောင်ဇော်ဦးကို အာဏာပိုင်တွေက ဖမ်းဆီးခဲ့ပါသေးတယ်။ သံဃာတော်တွေ ဦးဆောင်တဲ့ ဆန္ဒပြပွဲတွေကို စစ်တပ်က ချေမှုန်းခဲ့တဲ့ ၂ လပြည့် နေ့မှာပဲ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးက အခုလို ဆက်လက် ဖမ်းဆီးမှုတွေ ပြုလုပ်နေတဲ့အပေါ် ကြေငြာချက်တစောင် ထုတ်ပြန် ဝေဖန်ခဲ့ပါသေးတယ်။